မူကြိုကျောင်း

Public education
**Discover a world of opportunities**

# စာဖတ်ခြင်း - အိမ်တွင် လေ့လာသင်ယူခြင်း

## စာဖတ်သည့် အဆင့်များ

### ဦးဆောင်၍လုပ်သည့် စာဖတ်သူများ

သင့်ကလေး ကြီးထွားလာပြီး ဖွံ့ဖြိုးလာစဉ် သူတို့သည် သူတို့အနီးတစ်ဝိုက်တွင် မြင်တွေ့သည့် စာအုပ်များနှင့် စကားလုံးများကို စိတ်ဝင်စားရန် အစပြုလာမည်။

သူတို့သည် စာအုပ်များကို ထောင်၍ကိုင်ခြင်းအားဖြင့်၄င်း၊ စာမျက်နှာများကို ဂရုတစိုက် လှန်ခြင်းဖြင့်၄င်း၊ ပုံများကိုပြန်ပြောရန် ရုပ်ပုံများနှင့်သူတို့၏မှတ်ဉာဏ်ကို အသုံးပြုပြီး စာဖတ်ချင်ဟန် ဆောင်ခြင်းအားဖြင့်၄င်း သင့်အား အတုခိုးစ ပြုကောင်းပြုလာမည် ဖြစ်သည်။ သူတို့သည် စာအုပ်၏ ရှေ့ဖုံးနှင့်နောက်ကျော အကြား ကွာခြားချက်ကိုလည်း လေ့လာသင်ယူသည်၊ စာလုံးများနှင့် ရုပ်ပုံများကို နားလည်သည်၊ ပုံနှိပ်စာလုံးများတွင် အမှာသတင်းများ ပါဝင်ကြောင်း နားလည်သည်။

သင်သည် သင့်ကလေးအား အောက်ပါတို့ကိုလုပ်ခြင်းဖြင့် အထောက်အကူ ပေးနိုင်သည်-

- သူတို့နှင့်အတူ နေ့စဉ် စာဖတ်ပေးခြင်း
- စာဖတ်ချင်ဟန်ဆောင်သည့် အားထုတ်မှု တစ်ခုခုကို တိုက်တွန်း

ပေးခြင်းနှင့်ချီးမြှောက်ပေးခြင်း

- ရုပ်ပုံများသည် ပုံအကြောင်းကို ကူညီပြောပေးကြောင်း သူတို့အား ပြသပေးခြင်း
- သူတို့အကြိုက်နှစ်သက်ဆုံး ပုံအကြောင်းများကို ထပ်ခါတလည်လည် ဖတ်ပြပေးခြင်း - ယဉ်ပါးခြင်းသည် ပင်ကိုယ်စိတ်ချမှုကို မြှင့်တင်ပေးသည်
- သူတို့ အမှားများကို လုပ်သည့်အခါ မဝေဖန်ခြင်း - စာဖတ်ရန် သင်ယူခြင်းသည် အချိန်ယူပါသည်။

### စာဖတ်ရန် အကြံဉာဏ်များ

သင့်ကလေးနှင့်အတူ စာဖတ်နေသည့်အခါ-

- သူတို့အား ရုပ်ပုံကိုကြည့်ခိုင်းပြီး ပုံအကြောင်း ဘာဖြစ်နိုင်သည်ကို သင့်အား ပြောခိုင်းပါ
- မကြာခဏဆိုသလို ရပ်လိုက်ပြီး မေးပါ- နောက်ထပ်

> ရုပ်မြင်သံကြားကို ပိတ်ပါ။
> စိတ်ကူးပြောင်းလွယ်သည့်အရာများ မရှိသည့်အခါ
> သင့်ကလေးအတွက် စဉ်းစားရန် ပို၍လွယ်ကူပါသည်။

ဘာဖြစ်မည်ဟု သင် ထင်ပါသလဲ။ ပြီးတော့ သင် အဲဒီလို ထင်တာ ဘာကြောင့်လဲ။ – သူတို့အဖြေများကို ၄င်းတို့မှာ သိပ်မမှန်သည့်တိုင်အောင် လက်ခံပါ

- သင့်ကလေး၏ မေးခွန်းများကို ပုံအကြောင်းပြောနေရင်း အဟန့်အတားဖြစ်သည့်တိုင်အောင် ဖြေကြားပေးပါ
- ပုံအကြောင်း ပြောကြားခြင်းနှင့်စာဖတ်ခြင်းကို ပျော်ရွှင်စရာ ဖြစ်အောင်လုပ်ပါ၊ တိရစ္ဆာန် အမျိုးမျိုးတို့၏ အသံများကို လုပ်ခြင်းအားဖြင့်နှင့် ဇာတ်ဆောင် အမျိုးမျိုးတို့၏ အသံကို ပြောင်းပေးခြင်းဖြင့် လုပ်ပါ။

**သင့်ကလေးနှင့်အတူ စာဖတ်ခြင်းကို ပြီးဆုံးပြီးနောက်-**

- ပုံအကြောင်းကို ပြောဆိုပါ
- ပုံအကြောင်းကို သူတို့အား သင့်ကို ပြန်ပြောခိုင်းပါ
- ဘာဖြစ်ခဲ့သည်၊ ဘယ်အချိန်နှင့် ဘယ်နေရာတွင် ဖြစ်ပျက်ခဲ့သည့် အကြောင်းကို ပြောဆိုပါ၊ ဥပမာ- ပုံအကြောင်းတွင် မည်သူသည် သင့် အကြိုက်နှစ်သက်ဆုံး ဖြစ်ပါသလဲ။

> အခြား ဖတ်စရာ အကြံဉာဏ်များ-
> • စာအုပ်ရှိ ရုပ်ပုံများအကြောင်းကို ပြောဆိုပြီး သင့်ကလေးအား သူတို့၏ ကိုယ်ပိုင် ပုံအကြောင်းကို ဖန်တီးခိုင်းပါ။
> • သင့်ဒေသ စာကြည့်တိုက်သို့ ပုံအကြောင်းပြောဆိုသည့် အတန်းများတက်ရန်နှင့် အသံနှင့်ပြောသည့်စာအုပ်များကိုငှါးရန် သွားရောက်ပါ။
> • သင့်ကလေးအား လက်ဆောင်အဖြစ် စာအုပ်များကို ပေးပါ။
> • သင့်ကလေးအား သူတို့ မှတ်မိသည့် စကားလုံးများရှိ အသံများကို နားထောင်ရန် တိုက်တွန်းပေးပါ၊ ဥပမာ sh.
> • သင့်ကလေးအား သူတို့၏ အမည်ရှိ အက္ခရာစာလုံးများကဲ့သို့ သူတို့သိနိုင်ကောင်းသည့် အက္ခရာစာလုံးများကို ရှာခိုင်းပါ။

Department of Education

သင် ပိုမို၍ တွေ့လိမ့်မည်
အိမ်တွင် လေ့လာသင်ယူရန် အချက်အလက်စာချပ်လွှာ
**education.wa.edu.au.**

© Department of Education, Western Australia, 2015
CC BY